
မောင်လေးရဲ့ အိပ်ရာဝင်ချိန်
ဟန်မှုရာသွေး

## အပိုင်း (၁)

မနက်ခင်းတိုင်းတွင် စောစောထတတ်သည့် မေမေပေးခဲ့သောအကျင့်သည် ဖျောက်၍မရ ...။ ထို့ကြောင့် မိမိတစ်ဦးတည်းသာ ဒီဇင်ဘာလ၏ ရက်ရှည်ကျောင်းပိတ်ရက်များတွင် ချမ်းအေးမှုဒဏ်ကို အပြည့်အဝခံစားနေရသည်။ ကောင်းကင်ယံမှ ကျဆင်းလာသော ငွေရည်နှင်းစက်တို့သည် စိန်ပွင့်သို့အလား ... ခြံအတွင်းရှိ စိန်ပန်းပင်ကြီးတွင် အလှဆင်လေသည်။ ဤမြင်ကွင်းသည် အများ၏အမြင်၌ လှကောင်းလှနိုင်မည်။ မိမိ၏အမြင်တွင်မူ အလှဆင်နေသည်နှင့်မတူ ...။ စိန်ပန်းပင်မှ ကျဆင်းလာသော နှင်းရေစက်တို့သည် စိန်ပန်းပင်ကြီး ငိုနေသည်နှင့်တူသည်။ ထိုစိန်ပန်းပင်နည်းတူ မိမိ၏ရင်တွင်လည်းငိုနေသည်။ မိမိ၏ ရင်တွင်းရှိုက်သံ တခြားသူမသိ ...။ မိမိ၏အပြုံးကိုသာ မြင်ပါသည်။

ချမ်းအေးမှုအတိနှင့်ဆောင်းရာသီ၏ အအေးဒဏ်အား မိမိတစ်ဦးတည်းသာ အပြည့်အဝ ခံစားရနေသည်။ နားခိုရာရင်ခွင်မဲ့လေပြီဖြစ်၍ ပို၍ချမ်းအေးနေသည်။ နားခိုရာ မိခင်၏ရင်ခွင်မဲ့ခဲ့သည်မှာ တစ်နှစ်မျှသာရှိခဲ့ပြီ ...။ မိမိသည်က မိခင်အားလွမ်းဆွတ်နေဆဲ ...။ မိမိ၏ဖခင်သည်က တစ်ပင်လဲ၍တစ်ပင်ထူရန် စီစဉ်လေပြီ ...။ မေတ္တာဟူ၍ သိတတ်စအရွယ် အချစ်ဟူ၍ ခံစားတတ်စအရွယ် ... အသက်အားဖြင့် ဆယ့်လေးနှစ်သာရှိသော မိမိသည် ဆုံးပါးသွားသော မိခင်အားသတိရနေဆဲ။ အသက်အရွယ်အားဖြင့် သုံးဆယ့်နှစ်နှစ်ရှိနေပြီဖြစ်သော ဖခင်သည် အသစ်တွေ့ပြီ ...။ ဖခင်၏လုပ်ရပ်အား နာကြည်းရမည်လား နားလည်ရမည်လားမသိ ...။

နှလုံးသားတို့သည်က တင်းကျပ်နေပြီ ...။

လူကြီးတွေက ကလေးတွေလောက် မချစ်တတ်တော့တာလား ...။ တစ်ဦးကိုချစ်ရတဲ့ခံစားမှုနဲ့ တခြားတစ်ဦးကိုချစ်ရတဲ့ ခံစားမှုတို့က မတူညီလို့ စမ်းသပ်လိုချင်တာများလား။ ကလေးဖြစ်တဲ့ ကျွန်မက လူကြီးဖြစ်တဲ့ ဖေဖေ့ကိုနားမလည်နိုင်သလို လူကြီးဖြစ်တဲ့ဖေဖေကလည်း ကလေးဖြစ်တဲ့ ကျွန်မရဲ့ခံစားချက်ကို နားမလည်ခဲ့ဘူး။

မေမေဆုံးခါစက အိပ်ရာထဲမှာ ကျိတ်ငိုနေတတ်တဲ့ ဖေဖေက ဘယ်ရောက်သွားပြီလဲ ...။ ချစ်လှချည်ရဲ့ဆိုတဲ့ ဇနီးသည်က အသွားဖြောင့်ရဲ့လားတောင် သေချာ မသိသေးတဲ့အချိန်မှာ ခုတင်ထက်က မေမေ့ရဲ့အိပ်ရာနေရာကို တခြားသူအတွက် ဖေဖေက ပေးအပ်တော့မှာလား။ အိပ်ရာထက်က မေမေ့ရဲ့နွေးထွေးမှုလေးတောင် ပျောက်သေးရဲ့လား။ မပျောက်သေးတဲ့ ဒီအိမ်ထဲက မေမေ့အငွေ့အသက်တွေကို ဖေဖေက ဖျောက်ပစ်ဖို့ ကြိုးစားနေလေရဲ့ ...။ ကျက်သရေရှိစွာ ချိတ်ဆွဲထားတဲ့ ဖေဖေရယ် မေမေရယ် ကျွန်မရယ် ... မိသားစုသုံးဦး စုံစုံညီညီရိုက်ထားတဲ့ မိသားစုဓာတ်ပုံကို ဖြုတ်ဖို့ ပြင်ဆင်လေရဲ့ ...။

"ဘာလုပ်နေတာလဲ ဖေဖေ ..."

"ဓာတ်ပုံဖြုတ်နေတာ သမီး"

"ဘာအတွက်လဲ ..."

"သမီးလည်း သိတယ်မဟုတ်လား ... ဒီအိမ်ကို အိမ်ရှင်မအသစ်တစ်ဦး ရောက်လာတော့မှာကိုလေ ... ဒီဓာတ်ပုံက အသစ်ရောက်လာမယ့် သမီးရဲ့ မေမေအတွက် မသင့်တော်လို့ပါ ..."

"မေမေ ... ဟုတ်လား ... သမီးဘဝမှာ မေမေလို့ခေါ်ရတဲ့သူ

တစ်ယောက်တည်းရှိခဲ့တယ် ...။ အခုရောက်လာမယ့် နောက်လူကို မေမေလို့ ဘယ်တော့မှခေါ်မှာမဟုတ်ဘူး ...။ အနှစ်နှစ်အလလက ကျက်သရေဆောင် ဒီဓာတ်ပုံက အခုမှမသင့်တော်ဘူးတဲ့လား ...။ ဖေဖေစကားပြောနေတဲ့ပုံတွေက တစ်မျိုးပဲနော် ... အရင်က ဖေဖေမှဟုတ်ရဲ့လား"

ကျွန်မရဲ့အမှန်တရားစကားတွေက ဖေဖေ့ကို အထိနာစေမိပြီ ထင်ပါရဲ့ ...

"ရဲသစ္စာ ..."

"ဩော် ... သမီးနာမည်ကိုတော့ မှတ်မိသေးလား ... ကျေးဇူးတင်လိုက်တာ ဖေဖေရယ်"

ထိုစကားသည် ဝမ်းမြောက်ခြင်းအတိနှင့်တော့မဟုတ်။ ရွဲ့ပြုံးဖြင့်သာ ...

"သမီး ဖေဖေ့ကိုအာမခံနဲ့ ...။ သမီးက ဖေဖေမွေးထားတဲ့ သမီး ... ဖေဖေ့စကားကို သမီးနားထောင်ရမယ် ..."

"ဖေဖေမွေးထားတဲ့သမီးမို့ ဖေဖေ့စကားကို နားထောင်ရမှာလား ... ဖေဖေမွေးထားတဲ့ သမီးရဲ့ခံစားချက်ကိုရော ဖေဖေကြည့်ခဲ့ရဲ့လား ...။ မေမေဆုံးတာ တစ်နှစ်ကျော်ပဲရှိသေးတာ ...။ အခုဖေဖေက အိမ်သူအသစ်ကိုတောင် အိမ်ပေါ်ခေါ်တင်တော့မှာလား ...။ သွားလေသူ စိတ်ဖြောင့်ရဲ့လားတောင် ဖေဖေတွေးမိရဲ့လား ...။ အိမ်သူအသစ်ကလည်း သားတစ်ယောက်ပါလာဦးမယ်ဆို။ ပတ်ဝန်းကျင်ကရော သမီးတို့ကို ဘယ်လိုကဲ့ရဲ့ကြမလဲ ...။ တစ်ဦးတည်းသောသမီးဘဝနဲ့ နေလာခဲ့တဲ့ ရဲသစ္စာက ... ဖေဖေ့ရဲ့အချစ်တွေကို တခြားကလေးတစ်ယောက်နဲ့ မျှချစ်ရမှာလား ...။ အို ... သမီးမှားသွားပြီထင်တယ် ... ဖေဖေက အစကတည်းက သမီးကိုမချစ်ခဲ့ဘူးလေ ..."

"ကိုယ့်ထမင်းကိုယ်ရှာစားပြီး ပတ်ဝန်းကျင်ကို ဂရုစိုက်နေရမှာလားသမီး ... သားတစ်ယောက် တိုးလာလို့ ဖေဖေ့ရဲ့အချစ်တွေက သမီးအပေါ်ကို မ

လျော့သွားပါဘူးကွယ် ..."

"ပတ်ဝန်းကျင်မှာ နေနေသမျှတော့ ပတ်ဝန်းကျင်ကို ဂရုစိုက်နေရဦးမှာပဲ ဖေဖေ ... ဖေဖေ့သမီးဖြစ်တဲ့ ရဲသစ္စာတောင် ဒီလောက်တွေးနိုင်တယ် ... ဖေဖေက ဘာလို့မတွေးနိုင်ရတာလဲ"

ဖြောင်း ...

ထိုစကားဆုံးပြီးနောက် မိမိ၏ပါးပြင်ပေါ်သို့ ကျရောက်လာသည့် ဖေဖေ၏လက်ဖဝါး ...။ တစ်သက်နှင့်တစ်ကိုယ် ... ဖေဖေသည် ကျွန်မအား ဤကဲ့သို့ ကိုယ်ထိလက်ရောက် မဆုံးမခဲ့ဖူးပါ။ ဖေဖေ၏ဆုံးမမှုကြောင့် အရေပြားနာကျင်မှုထက် အသည်းနှလုံးနာကျင်မှုက ပို၍ပြင်းထန်သည်။ သို့သော်လည်း မျက်ရည်မကျမိ ...။

မျက်ရည်ကျတယ်ဆိုတာ အရှုံးပေးခြင်းရဲ့ ပြယုဂ်တစ်ခုတဲ့ ...။ မေမေ မဆုံးခင် မှာသွားတဲ့တန်ဖိုးရှိစကားလေ ...။ အဲဒါကြောင့် မေမေ့စကားကို နားထောင်ရင်း ကျွန်မ ဘယ်သူ့ကိုမှ အရှုံးမပေးဘူး။

"ရဲသစ္စာ ... နင် ဘယ်သူနဲ့တူလို့ အဲဒီလောက် ရိုင်းနေရတာလဲ"

"ဒါကို ရိုင်းတယ်လို့ခေါ်တာလား ဖေဖေ ... ဒါဆိုရင် အမှန်တရားတိုင်းက ရိုင်းနေပြီပေါ့ ..."

အိမ်၏တည်ရှိပုံသည် ခြံကျယ်ကြီးထဲမှ နှစ်ထပ်ရှိသော ပျဉ်ထောင်အိမ်သာ ဖြစ်သည်။ ဤသို့သားအဖနှစ်ဦး အချင်းများသောအခါ ဦးရဲမြတ်၏အသံအား ဘေးအိမ်ရှိလူများ ကြားရသည်။ ထို့ကြောင့် လာရောက်တားမြစ်ကြသည်။

"ရဲမြတ်ရယ် ... သမီးကို အဲဒီလောက်ကြီး မအော်ပါနဲ့"

"သူက သိပ်ရိုင်းနေတာဗျ ... ကျွန်တော့်ကို ပြန်ပြောနေတာ အစ်မတို့မမြင်

လို့"

"သူလည်း သူ့အမေနဲ့ပတ်သက်ပြီး ခံစားရမှာပေါ့ကွယ် ... နင်က နားလည်ပေးရမှာပေါ့ ... သမီးကလည်း ဝမ်းနည်းနေတောင် ဖေဖေ့ကို အခု လိုခံမပြောရဘူးလေ"

"သမီး ဝမ်းမနည်းဘူး ... စိတ်နာတာ ..."

ကျွန်မရဲ့စကားကို ကြားပြီးနောက် ဖေဖေမျက်ရည်ကျတာ မြင်လိုက်တယ် ...။ ဘာဖြစ်လို့လဲ ...။ သမီးဖြစ်သူက စိတ်နာသွားတယ်ဆိုလို့ ဝမ်းနည်းသွာ တာလား။ အရိုက်ခံရတဲ့ကျွန်မ ... မေမေ့ကိုဆုံးရှုံးသွားတဲ့ ကျွန်မတောင် မငို မိဘူးလေ ...။ ဖေဖေက ဒီလောက်လေးနဲ့ ခံစားသွားရတာလား ...။ လက်ထဲ မှာကိုင်ထားတဲ့ မိသားစုဓာတ်ပုံက အပြုံးတွေနဲ့ ဖေဖေ့မျက်ရည်တွေနဲ့က မ လိုက်ဖက်လိုက်တာ ...။ မလိုက်ဖက်တဲ့အရာနှစ်ခုကို အတူတူထားလို့မဖြစ် ဘူးလေ ...။ ကျွန်မကပဲ မိသားစုဓာတ်ပုံ ကျွန်မအခန်းထဲမှာ ချိတ်ထားဖို့ ယူ လိုက်မိတယ် ...။ ကျွန်မဓာတ်ပုံကို လှမ်းယူတဲ့အထိ ဖေဖေက မျက်ရည်တွေ နဲ့ ဓာတ်ပုံကိုတင်းတင်းကျပ်ကျပ် ကိုင်ထားတုန်းပဲ ...။ ခဏနေတော့မှ ဓာတ်ပုံကိုင်ထားတဲ့ ဖေဖေ့ရဲ့လက်တွေက အားလျော့လာတယ်လေ ...။

"တကယ်တော့ ... ဖေဖေက သမီးလောက် သတ္တိမရှိဘူးပဲ ..."

စကားပြောပြီးနောက်ပိုင်း ကျွန်မရဲ့ ကိုယ်ပိုင်အခန်းလေးထဲကို ဝင်သွား တဲ့ကျွန်မ ...။ ကျွန်မကို မျက်ရည်များနဲ့ ရပ်ကြည့်နေသူက ဖေဖေ ...။ တွေ့ လား ... ဒီလိုပြောနိုင်တာက မေမေပေးထားတဲ့အမွေတွေလေ ...။ မေမေက ကျွန်မကိုသိပ်ချစ်တာ။ သိပ်တော်စေချင်တာ ...။ သိပ်ရဲရင့်စေချင်တာ ...။ နာမည်ပေးခဲ့တာတောင်မှ ရဲသစ္စာတဲ့လေ ...။ မေမေဖြစ်စေချင်တဲ့အတိုင်း ကျွန်မကြိုးစားပြီးနေခဲ့တယ် ...။ အခုတော့ ရဲရင့်နေပြီလေ ...။ ဖေဖေ ကတော့ မြင်တဲ့အတိုင်းပဲ။ မပြတ်သားမှုတွေနဲ့ ကျွန်မလောက် မရဲရင့်သေး

ဘူးရယ် ...။

ဆယ့်လေးနှစ်အရွယ်နဲ့ ဒီလိုတွေပြောနိုင်တာကို အံ့ဩနေတယ် မဟုတ်လား ...။ တကယ်တော့ ကျွန်မမှာက အရွယ်နဲ့မမျှတဲ့ ခံစားမှုတွေ ရှိနေတယ်လေ ...။ ဥပမာ ... ဖေဖေ့ရဲ့အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်လေး မထောင်ခင်ကပေါ့။ ဆွေမျိုးတွေက ကျွန်မတို့မိသားစုကို သိပ်ချစ်ကြတာ ...။ အရမ်းချစ်ကြတော့ နောက်ဘဝ ရေစက်ဆုံအောင်ထင်တယ် ... ပိုက်ဆံယူပြီးရင် ပြန်မပေးဘူး ...။ သိပ်ချစ်ကြတော့ ကျွန်မတို့မိသားစုလေး စီးပွားရေး မပြေလည်တဲ့အခါ အမျိုးမျိုးတွေဖိနှိပ်ပြီး ကျွန်မကို ဘဝသင်ခန်းစာတွေပေးတယ်။ ချစ်လွန်းတော့ ကျွန်မကို ပိုသိပိုတတ်စေချင်တာပေါ့လေ ...။

အခုတော့ ဆွေမျိုးတင်မကဘူး ဖေဖေကပါ ဘဝသင်ခန်းစာတွေ ပေးနေပြီလေ ...။ ဖေဖေသင်ပေးလိုက်တဲ့ ဘဝသင်ခန်းစာလေးက ရှင်းပါတယ်။ အချစ်ဆိုတာ နားမှာ ကြားရုံမျှသာကြားရတဲ့ အာဟာရမပါတဲ့ နှုတ်ဖျားစကားဆိုတာပေါ့ ...။ အဲဒါကိုလူတွေက ဘာလို့ ကိုးကွယ်ကြတာလဲ ...။ သံယောဇဉ်မှန်သမျှက တကယ်တော့ အပူတွေချည်းပဲ။ ငါးရာနှစ်ဆယ့်ရှစ်လည်း ငါးရာနှစ်ဆယ့်ရှစ်အလျောက် ပူလောင်ရတာပဲ ...။ တစ်ထောင့်ငါးရာလည်း တစ်ထောင့်ငါးရာအလျောက် ပူလောင်ရတာပဲ ...။ မတည်မြဲတဲ့သဘောအရ ... အကုန်ပျက်စီးနေတာပဲ ...။

ထိုကဲ့သို့သော အပူနှင့်မတည်မြဲခြင်း သဘောအရ ကျွန်မသည် မည်သည့်သံယောဇဉ်ကြိုးကိုမျှ အလိုမရှိတော့ပါ ...။

ဤကဲ့သို့ တစ်နေ့တာ အဆင်မပြေခြင်းများသည် တစ်ကြိမ် တစ်ခါတည်းသာမဟုတ်။ အကြိမ်ဖန်များနေပြီဖြစ်၍ ပုံမှန်တစ်နေ့တာကဲ့သို့သာ ဖြစ်နေသည်။ ထို့ကြောင့် ဤတစ်နေ့တာကိုလည်း အေးဆေးစွာ ဖြတ်သန်းနေလိုက်သည်။

ထိုတစ်နေ့တာ ကုန်ဆုံးပြီးသောအခါ နောက်တစ်နေ့နံနက်၌ ဖေဖေသည် ကျွန်မအခန်းထဲသို့ဝင်လာ၍ လာနှိုးသည်။ ပုံမှန်အားဖြင့် နံနက်တိုင်းတွင် ကျွန်မသည် စောစောနိုးနေတတ်သည်။ နိုးပြီးသော်လည်း အခန်းထဲမှမထွက်။ ကျွန်မချစ်ရသောမေမေ၏ ပုံတူခဲပန်းချီအား ဆွဲနေခဲ့သည်။

ကျွန်မရဲ့တစ်နေ့တာ ဖြတ်သန်းမှုကို သိပ်စိတ်ဝင်စားတဲ့ဖေဖေက ကျွန်မပုံတူခဲပန်းချီဆွဲနေတာ ဒီနေ့မှ သိတယ်တဲ့လေ ...။

"နိုးပြီလား သမီး ... ဘာတွေလုပ်နေတာလဲ ..."

ဖေဖေ၏အမေးကိုကြားသောအခါ ဖေဖေ့ကိုကြည့်မိသည်။ ဖေဖေစိတ်ဝင်စားနေသည်က ကျွန်မကိုမဟုတ်။ ကျွန်မ၏အခန်း၌ ချိတ်ဆွဲထားသော မိသားစုဓာတ်ပုံကိုသာ ...။ ကျွန်မအား စိတ်ဝင်စားခြင်း မရှိသည့် ဖေဖေအား ကျွန်မစိတ်ဝင်စားရန်မလို ...။

"ဖေဖေ့ဆန္ဒအရ မလိုချင်လို့ စွန့်ပစ်လိုက်တဲ့ ပစ္စည်းတစ်ခုကို သမီးကောက်ယူလိုက်တယ်။ အခု အဲဒီပစ္စည်းကို သမီးပိုင်ဆိုင်ထားတယ်။ သမီးအပိုင်ဖြစ်လို့ သမီးစိတ်ကြိုက် ထားပိုင်ခွင့်ရှိတယ် မဟုတ်လားဖေဖေ"

"သမီးသဘောပါ ...။ မနက်စာစားရအောင်သမီး ...။ အောက်ဆင်းခဲ့နော်။ သမီးအဒေါ်က ရှမ်းခေါက်ဆွဲလာပို့တယ်"

"သူရှိနေတုန်းလား ဖေဖေ ..."

"အင်း ... သမီးနဲ့အတူတူ မနက်စာစားမယ်တဲ့။ အောက်မှာ စောင့်နေတယ်"

အဒေါ်ဆိုတာ ဖေဖေ့ရဲ့အငယ်ဆုံးညီမအရင်း ... ဒေါ်မြသီတာတဲ့ ...။ ဖေဖေ့ရဲ့စိတ်ကို နားလည်ပေးနိုင်သူ ... ဖေဖေ ဘာလုပ်လုပ် အကောင်းမြင်တဲ့သူပေါ့။ ဖေဖေ့ရဲ့အချစ်တော်ညီမ ...။ မေမေ့ကိုတော့ ဖိနှိပ်နေကျ ချဉ်ဖတ်တော်

ယောက်မပေါ့ ...။

"ဇကေန္တ ... ဖေဖေစစ်ကူခေါ်လိုက်တယ် ထင်ပါရဲ့ ...။ စစ်ကူဆိုတာ စစ်ပွဲမှာ ပဲခေါ်တာ မဟုတ်လားဖေဖေ ...။ သမီးတောင် မသိလိုက်ခင်မှာပဲ ... ဖေဖေနဲ့သမီးရဲ့ဆက်ဆံရေးက စစ်ပွဲလိုဖြစ်နေပြီးလား ...။ လက်စသတ်တော့ ဖေဖေက သမီးကို ရန်သူကြီးလို သဘောထားနေတာပဲ"

"အဲဒီလိုမဟုတ်ဘူး သမီး ..."

"ထားပါဖေဖေ ... ဖေဖေ့ကျေးဇူးကြောင့် ဒီနေ့ပွဲကြီး ပွဲကောင်း သုံးဆောင်ရဦးမယ် ထင်ပါရဲ့"

မေမေ့သွေးအပြည့်ပါတဲ့ ကျွန်မကလည်း မေမေ့လိုပဲ ...။ ဖေဖေ့ဆွေမျိုးတွေနဲ့မတည့်ဘူးပေါ့။ မတည့်ဘူးဆိုတာကလည်း မေမေနဲ့ကျွန်မက သက်သက်မဲ့ အကျိုးအကြောင်းမရှိ လိုက်မုန်းနေတာမျိုး မဟုတ်ဘူးလေ။ အကြောင်းရှိလို့ အကျိုးဆိုတာ ဖြစ်လာတာ မဟုတ်လား။ မှတ်မိသေးတယ် ... မပြေလည်ခင်တုန်းက သူတို့ကို ပိုက်ဆံအကြွေးဆပ်စရာကျန်သေးလို့ မေမေ့လည်ပင်းက ဆွဲကြိုးလေးကို အတင်းချွတ်ကြတာ ...။ ပြေလည်ပြီးတဲ့နောက်ပိုင်း အတိုးလာတောင်းကြတာ ...။ မေမေ့နာရေးတုန်းက ပူဆွေးနေတဲ့ ကျွန်မအရှေ့မှာ ပိုက်ဆံ အရှုံးအမြတ်တွက်ပြီး ဝေခွဲယူနေကြတဲ့ မြင်ကွင်းတွေ ...။ ကျွန်မတစ်ဦးတည်းရဲ့ ငိုသံကိုဖုံးလွှမ်းထားတဲ့ သူတို့ရဲ့ရယ်သံတွေ ...။ ဆွေတော်မျိုးတော်အပေါင်းရဲ့ နှိပ်စက်မှုကိုခံစားထားရတဲ့ မေမေနဲ့ကျွန်မကတော့ မုန်းမြဲမုန်းဆဲ ...။ ဖေဖေကတော့ ခွင့်လွှတ်မြဲ ခွင့်လွှတ်ဆဲ ...။ ဖေဖေ့ကိုလည်း တမလွန်က မေမေက ခွင့်လွှတ်နေတယ် ထင်ပါရဲ့။ ကျွန်မဆွဲထားတဲ့ ခဲပန်းချီလေးမှာရှိတဲ့ မေမေ့ရဲ့မျက်ဝန်းတွေက ဖေဖေ့ကို ကြည့်နေသလိုပဲ ...။ ပြုံးရင်းနဲ့ပေါ့ ...။

မတွေ့ချင်သော မျက်နှာတော်အား တွေ့ရတော့မည်မို့ စိတ်မပါစွာ အိမ်

အောက်ထပ်သို့ ဆင်းလာမိသည်။ တွေ့တွေ့ချင်းပင် အဒေါ်ဖြစ်သူ၏နှုတ်ဆက်မှုသည် စိတ်တိုဖွယ် ကောင်းလောက်အောင် သာယာလှသည်။

"ရဲသစ္စာ ... ညည်းဟယ် ... ဆံပင်လေးဘာလေးစည်းပြီး သပ်သပ်ရပ်ရပ်နေပါလား။ ညည်း ဝတ်ထားစားထားတာကိုလည်း ပြန်ကြည့်ဦး ..."

ဟုတ်ပါရဲ့ ...။ ဒေါ်ဒေါ်ပြောမှ သတိထားမိတယ်။ အပေါ်က ရင်ဖုံး ... အောက်က ပန်းပွင့်ဘောင်းဘီ အရှည်ကြီးနဲ့လေ ...။ ခေါင်းမဖြီးရသေးတော့ ဆံပင်ကလည်း စုတ်ဖွာနေတယ်။ လူနဲ့စိတ်နဲ့မကပ်တော့ လုပ်ချင်ရာတွေ လုပ်မိနေတယ် ထင်ပါရဲ့ ...။

"ညည်းအပြင်အဆင်ကြောင့် ညည်းရုပ်ပါဆိုးသွားတယ်။ တကယ် သောကပိုက်ထားတဲ့ အပူသည်လိုပဲ"

"ရုပ်ချောဖို့ထက် စိတ်ထားကောင်းဖို့က ပိုအရေးကြီးတယ် ထင်တာပဲ ဒေါ်ဒေါ်။ အပူသည်ပုံပေါက်နေတာက မဆန်းပါဘူး။ တကယ်လည်း အိမ်သူအသစ်ကိစ္စကြောင့် သောကတွေရောက်နေတာပဲ"

"တစ်ပင်လဲလို့ တစ်ပင်ထူတာပါကွယ် နားလည်ပေးလိုက်ပါ"

"အဲဒီစကားပုံကလေ သားသမီးချင်း ကိုယ်ချင်းမစာတဲ့သူတွေက သစ္စာဆိုတဲ့စကားကို တန်ဖိုးမဲ့အောင် ဖန်တီးခဲ့တာပါ ...။ ဒေါ်ဒေါ်လည်း သားသမီးချင်း ကိုယ်ချင်းစာကြည့်ပါလားဟင်။ တကယ်လို့ ဒေါ်ဒေါ်သာ သေသွားခဲ့လို့ ဦးလေးက နောက်အိမ်ထောင်ပြုသွားရင် ဒေါ်ဒေါ်တို့ရဲ့သားသမီးတွေ ဘယ်လိုခံစားရမလဲ"

အခုပုံစံက နည်းနည်း ကျေးဇူးကန်းသလိုများ ဖြစ်နေမလား ...။ သူကျွေးတဲ့ ရှမ်းခေါက်ဆွဲကိုစားပြီး သူ့ကို တိုက်ခိုက်နေမိတာ ဆိုတော့လေ ...။

စားရင်းသာ ပြောနေသော်လည်း မိမိမှာ အပြုံးမပျက် ...။ ဒေါသထွက်နေသူက သေချာပေါက် ဒေါ်ဒေါ်ပင် ...။

"ညည်းရိုင်းလှချည်လား။ မနက်စောစောစီးစီး ငါ့ကို သေစကားပြောရလားအေ့"

"လူတိုင်း သေမှာပဲလေ ...။ ဘာတွေကိုကြောက်နေတာပဲ"

"ညည်းက ညည်းအမေသွေး အပြည့်ပါတယ်။ သိပ်ရိုင်းတယ်"

"ငိုနေတဲ့မေမေ့ဆီက ဆွဲကြိုးကို အတင်းချွတ်ယူသွားတဲ့ ဒေါ်ဒေါ်တို့လောက်တော့ မရိုင်းဘူး ထင်တာပဲ"

"တော်ပြီတော်ပြီ ... ညည်းတို့အိမ်ကို မလာတော့ဘူး။ ကျက်သရေကိုမရှိဘူး"

"မနက်စာကို အရသာရှိအောင် ပြင်ဆင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဒေါ်ဒေါ်"

ဒေါ်ဒေါ်နှင့်ကျွန်မ၏ မနက်စာစားဝိုင်းအား ဘေးမှနေ၍ နားဆင်နေသူကဖေဖေ ...။ ဆိုခဲ့သည့်အတိုင်းသာ နားဆင်နေရုံသာ ...။ ကျန်သော စကားတစ်ခွန်းမျှ ဝင်၍မပြောခဲ့ ...။

"သူစိမ်းလူဝင်လာလို့ သားအဖတွေတောင် သူစိမ်းလူတွေ ဖြစ်ကုန်ပြီထင်ပါရဲ့"

ထိုစကားနှင့်သာ အဆုံးသတ်ခဲ့သည့် ကျွန်မ၏မနက်စာ စားဝိုင်းလေးတစ်ခု ...။ မေမေရှိစဉ် ကာလများကဲ့သို့ ပျော်ရွှင်စရာ မကောင်းသောကြောင့် မေမေဆုံးပြီးနောက် ကျွန်မ၏မနက်စာတိုင်း အရသာမရှိ။ နေ့ရက်တိုင်းသည်လည်း ပျော်စရာမကောင်း။ ခြောက်ကပ်ကပ်နှင့် မျှော်လင့်ချက်မဲ့လှသည်။

သားအဖနှစ်ဦး ဆက်ဆံရေးကြောင့် အိမ်ကြီးသည် နေ့ခင်းများတွင် ဤ ကဲ့သို့ ခြောက်ကပ်လှသော်လည်း ညပိုင်းများတွင်မူ သီချင်းဆိုသံသဲ့သဲ့လေး အား ထိုအိမ်ကြီး၌ ကြားနေရသည်။ ရေနံကြီးသုတ်ထားသော အိမ်အမည်း ကြီးနှင့် ကြီးမားလှသော စိန်ပန်းပင်ကြီးတို့ ရှိရာ ထိုခြံတွင်းထဲတွင် ကြားနေ ရသည့် အသံပိုင်ရှင်မှာ အမျိုးသမီးတစ်ဦး၏အသံသာ။ ထိုအသံကြား လူအ များ ကြောက်လန့်တတ်ကြသည်။ ထိုအသံမှာ ဒေါ်သစ္စာပန်း၏အသံသာ ...။

မေမေက ကျွန်မကို သိပ်ချစ်တယ် ...။ ဘယ်လောက်ချစ်သလဲဆိုရင် ကျွန်မက ညဘက်တွေကို မေမေရဲ့သီချင်းသံမကြားရဘဲ မအိပ်တတ်တာကို သိတော့ မေမေ မဆုံးခင်က ကက်ဆက်တိပ်ခွေလေးထဲမှာ အသံသွင်းခဲ့ပေး တယ်။ မေမေ့ရဲ့ သီချင်းသံလေးကိုကြားတိုင်း ကျွန်မဘေးနားမှာ မေမေရှိ နေသလို ခံစားရတယ်။ သီချင်းလေးက မေမေ့အသံချိုချိုနဲ့ သိပ်လိုက်တာ ...။

"မုန်တိုင်းကထန် ချောင်းကလျှံ ...

ဝဲသံကကြွေး ... လှိုင်းကဖွေး

ယီးလေလေ့ ယီးလေလေး ...။

မိုးပေါက်ကနာ ... ဖြုတ်ကလာ

လမ်းတာဝေး ... လေကအေး ...

ယီးလေလေ့ ... ယီးလေလေး ...။

ဖော်ချင်းတို့ရေ ... တို့တစ်တွေ

လှော်လေးအပြေး ယက်ဖွေးဖွေး

ယီးလေလေ့ ... ယီးလေလေး ...။

နေမင်းဖန်ဝါ ... ယွန်းတော်ရှာ ...

အိပ်ပါလူလေး ... မေ့ရင်သွေး

ယီးလေလေ့ ... ယီးလေလေး ...။

ငှက်မငှက်ဖို သိုက်မြုံခို

သံချိုမကြွေး အိပ်ပြီလေး ...

ယီးလေလေ့ ... ယီးလေလေး ...။

ရနံ့မထုံ ပန်းဝတ်မှုန်

ပန်းငုံကကြွေး အိပ်ပြီလေး

ယီးလေလေ့ ... ယီးလေလေး ...။

လမင်းသော်တာ ရောင်ခြည်ဖြာ

အိပ်ပါလူလေး မေ့ရင်သွေး

ယီးလေလေ့ ... ယီးလေလေး ...။"

ဒီဇင်ဘာလရဲ့ ချမ်းအေးမှုဒဏ်ကို မေမေ့အသံချိုချိုလေးနဲ့ နွေးထွေးစေမယ် ...။ ခြောက်သွေ့နေတဲ့ ကျွန်မရဲ့အသံတွေကို မေမေရဲ့သီချင်းအသံနဲ့ အတူတူဆိုရင်း ပြန်လည်စိုပြည်စေမယ် ...။ အရပ်ထဲကလူတွေကတော့ ကြောက်လန့်ပါစေပေါ့ ...။ အမှန်ဆို ... လူ လူချင်းက ပိုကြောက်ဖို့ကောင်းတာ သူတို့တွေမသိကြဘူးလေ ...။

***